# မြန်မာကို ကမ္ဘာက စောင့်ကြည့်နေသည်




*၂၀၀၈ ဇန်နဝါရီ (၁၇)ရက်နေ့က ဂျပန်နိုင်ငံ တိုကျိုမြို့မှာရှိတဲ့ ဂျပန် နိုင်ငံခြားရေးဝန်ကြီးဌာန ပြင်ပမှာ ဂျပန်နိုင်ငံရောက် မြန်မာနိုင်ငံသား ဒီမိုကရေစီအရေး လှုပ်ရှားသူတွေက ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဓါတ်ပုံကို ကိုင်ဆောင်ပြီး ဒီမိုကရေစီ ထောက်ခံပွဲ ဆန္ဒပြကြပါတယ်။ အဲဒီအကြောင်း အေအက်ဖ်ပီ သတင်းဌာနက ကမ္ဘာ့သတင်း မီဒီယာသို့ တင်ပြလိုက်လို့ မြန်မာအကြောင်း နိုင်ငံတကာက သိခွင့်ရလိုက်ပြန်ပါတယ်။ (ဓါတ်ပုံ - အေအက်ဖ်ပီ၊ Kazuhiro Nogi)*

ကမ္ဘာ့မီဒီယာက မြန်မာ့အကြောင်းကို နေ့စဉ်နေ့တိုင်း ဖော်ပြပေးနေပါတယ်။ ဒါကြောင့်လည်း ကမ္ဘာ့ပြည်သူတွေဟာ မြန်မာနိုင်ငံအကြောင်း ကောင်းကောင်းသိနေကြပါတယ်။ နိုင်ငံတကာက မြန်မာနိုင်ငံမှာ အပ်ကျတာကအစ စိတ်ဝင်စားပါတယ်။ စိတ်ဝင်စားတဲ့အတိုင်းလည်း လိုအပ်တာတွေကို အဖြစ်နိုင်ဆုံး ကူညီ လုပ်ဆောင်ပေးနေတာတွေလည်း ရှိပါတယ်။

ဘာကြောင့်လဲဆိုတော့ မြန်မာပြည်သူတွေကို ခေတ်သစ် ကမ္ဘာ့ပြည်သူတွေလို ဒီမိုကရေစီကို ခံစား စေချင်လွန်းလို့ပါ။ မြန်မာနိုင်ငံသားတွေ လူ့အခွင့်အရေး အကြီးအကျယ် ချိုးဖောက်ခံနေရတဲ့ ဘဝက အမြန်ဆုံး လွတ်မြောက်စေချင်လို့ပါ။

ကမ္ဘာ့ငြိမ်းချမ်းရေးရဲ့အနှစ်သာရဟာ တကမ္ဘာလုံးမှာရှိတဲ့ ပြည်သူတွေ အသက်-အိုးအိမ်-စည်းစိမ် လုံခြုံပြီး စိတ်ချမ်းသာစွာ ပျော်ရွှင်နိုင်ဖို့ ဖြစ်ပါတယ်။ ဒီအတွက် နိုင်ငံတိုင်း၊ အဖွဲ့အစည်းတိုင်း၊ ပြည်သူတိုင်းက ကိုယ်ပိုင်အသိတရားတွေနဲ့  နိုင်ငံတကာ စည်းမျဉ်း ဥပဒေတွေ၊ သဘောတူညီချက်တွေကို တတ်နိုင်သမျှ လိုက်နာစောင့်ထိန်းကြရပါတယ်။ အတူတကွ ဝိုင်းဝန်းပူးပေါင်း ဖြေရှင်းကြပါတယ်။

မြန်မာ့အရေးကို ကြည့်ရင် ဒီမိုကရေစီ၊ လူ့အခွင့်အရေး၊ တရားဥပဒေ စိုးမိုးမှု၊ ကျန်းမာရေး၊ စီးပွားရေး အစရှိတဲ့ နေရာတိုင်းနီးပါးလောက်မှာ နိုင်ငံတကာက အများသဘောတူ သတ်မှတ်ထားတဲ့ စံညွှန်းတွေထက် အများကြီးကို လျော့နည်းနေတာ တွေ့ရပါတယ်။ ဒါကြောင့် မြန်မာကို ကမ္ဘာက အမြဲတစေ စောင့်ကြည့်နေတာပါပဲ။ မီဒီယာအားကောင်းတဲ့ (၂၁)ရာစု ခေတ်သစ်ဖြစ်လို့ မြန်မာနိုင်ငံမှာ ဘာတွေဖြစ်နေသလဲ ဆိုတာ ကမ္ဘာက မိနစ်ပိုင်း၊ နာရီပိုင်းအတွင်း သိရှိနေပါတယ်။

နိုင်ငံတကာက စောင့်ကြည့်နေရတဲ့ အခြားအကြောင်းရင်းတခုကတော့ မြန်မာ့ပြဿနာတွေကို အခြေအနေပေးရင် ပေးသလို ဝင်ရောက် ကူညီ ဖြေရှင်းပေးနိုင်ဖို့လည်း ဖြစ်ပါတယ်။

နိုင်ငံတခုဟာ ကမ္ဘာ့ငြိမ်းချမ်းရေးရဲ့အနှစ်သာရကို အကောင်အထည် ဖော်နိုင်စွမ်း ရှိနေပြီလို့ နိုင်ငံတကာက စိတ်ချလက်ချ ဖြစ်သွားရင် အဲဒီနိုင်ငံကို ဘယ်နိုင်ငံ၊ ဘယ်အဖွဲ့အစည်း၊ ဘယ်မီဒီယာကမှ အချိန်ကုန်ခံပြီး စောင့်ကြည့်မနေပါဘူး။ တကယ်လို့ မြန်မာနိုင်ငံကို စောင့်ကြည့်ရတဲ့စာရင်းထဲမှာ မပါစေချင်ဘူးဆိုရင်

စောစောက ဒီမိုကရေစီ၊ လူ့အခွင့်အရေး၊ တရားဥပဒေ စိုးမိုးရေး အစရှိတာတွေမှာ နိုင်ငံတကာနဲ့ တန်းတူဖြစ်အောင် သက်ဆိုင်ရာ အာဏာပိုင်တွေက ပြည်သူတွေ တောင်းဆိုသလို အမှန်တကယ် လိုက်လျောပေးနိုင်ရင် ပြီးသွားမှာပါပဲ။

ဒါပေမယ့် ကမ္ဘာ့ငြိမ်းချမ်းရေးရဲ့အနှစ်သာရကို မြန်မာစစ်ခေါင်းဆောင် ဗိုလ်ချုပ်ကြီးတွေက နားလည်နိုင်စွမ်းမရှိကြပါဘူး။ တန်ဖိုးထားရကောင်းမှန်းလည်း မသိကြပါဘူး။ ခေတ်နဲ့အမီ မလိုက်နိုင်ဘူးလို့ပဲ ပြောရမလား၊ ခေတ်နောက်ပြန် ဆွဲနေတယ်လို့ပဲ ဆိုရမလားပါပဲ။

ခေတ်နောက်ပြန် ဆွဲတာကတော့ ဒီကနေ့ ခေတ်မစားတော့တဲ့ ပြည်သူတွေအပေါ် ဥပဒေမဲ့ အကြမ်းဖက်နှိပ်ကွပ် အုပ်ချုပ်တဲ့ အာဏာရှင်စနစ်ကို သက်ဆိုးရှည်အောင် လုပ်တာမျိုး ဖြစ်ပါတယ်။ အာဏာရှင်စနစ်နဲ့ အုပ်ချုပ်လို့ကတော့ တရားဥပဒေ စိုးမိုးမှု မရှိတာကြောင့်  ပြည်သူတွေ လူ့အခွင့်အရေး ချိုးဖောက်ခံနေရမှာပဲ ဖြစ်ပါတယ်။

လူ့အခွင့်အရေးကို အာမခံနိုင်တာကတော့ ဒီမိုကရေစီ နိုင်ငံတွေပါပဲ။ ဒီမိုကရေစီ စစ်မှန်လေ၊ လူ့အခွင့်အရေးကို ပိုမိုထိန်းသိမ်း ကာကွယ်ပေးနိုင်လေပါပဲ။ ဒ့ါအပြင် လူ့အခွင့်အရေးတွေကို ပိုမိုမြှင့်တင် ပေးနိုင်ပါသေးတယ်။ ဒီတော့ ကမ္ဘာ့နိုင်ငံတွေမှာ ပြည်သူတွေက ဒီမိုကရေစီကို အသွင်ကူးပြောင်းဖို့ ပိုမို တောင်းဆိုလာကြတာ မဆန်းလှပါဘူး။

မြန်မာနိုင်ငံမှာလည်း ဒီမိုကရေစီ အသွင်ကူးပြောင်းဖို့ ၁၉၈၈ ရှစ်လေးလုံး လူထုအုံကြွမှုကြီးကတည်းက စတင်ခဲ့တာပါ။ အခြားကမ္ဘာ့နိုင်ငံတွေနဲ့ နှိုင်းယှဉ်ရင် ဒီမိုကရေစီ အသွင်ကူးပြောင်းဖို့ အရေးမှာ မြန်မာနိုင်ငံဟာ ခေတ်နဲ့အမီ လိုက်နေပါတယ်။ အီရန်၊ ဖိလစ်ပိုင်တို့ကလွဲရင် ခေတ်ရှေ့ကို ပြေးနေတယ်လို့တောင် ပြောလို့ရတဲ့ အနေအထားမှာ ရှိခဲ့ပါတယ်။

မြန်မာနိုင်ငံမှာ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တွေကို စတင် မလုပ်ဆောင်နိုင်အောင်  နှေးကွေးနေလို့ ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ဝေဖန်လိုက်ပါပြီ။ ကုလသမဂ္ဂက ကြားဝင်ညှိနှိုင်းပေးမယ့် အထူးကိုယ်စားလှယ် ဂမ်ဘာရီကို မြန်မာနိုင်ငံသို့ စောစောစီးစီး လာရောက်ခွင့်ပြုဖို့လည်း မြန်မာစစ်အစိုးရကို တဆက်တည်း တိုက်တွန်းနေပါပြီ။

မြန်မာနိုင်ငံက နအဖစစ်ဗိုလ်ချုပ်တွေဟာ သူတို့အာဏာ သက်ဆိုးရှည်နိုင်ရေးကို ၁၉၈၈ခုနှစ် ဩဂုတ်လ ရှစ်လေးလုံး လူထုအုံကြွမှု ပြီးကတည်းက နည်းအမျိုးမျိုးနဲ့ လှည့်စားလာခဲ့တာ မြန်မာနိုင်ငံသားတိုင်းက သိနေကြပါတယ်။ ကမ္ဘာ့နိုင်ငံတွေကလည်း သိနေကြပါတယ်။ အဲဒီလောက်ကြာတဲ့ နှစ်တွေအတွင်းမှာလည်း ပြည်သူတွေအပေါ် စေတနာထား ရိုးဖြောင့်စွာ အုပ်ချုပ်ခဲ့တာမျိုး တခါမှ မရှိခဲ့ဖူးပါဘူး။ ဒါကြောင့်လည်း မြန်မာပြည်သူတွေဟာ နအဖစစ်ဗိုလ်ချုပ်တွေကို မထောက်ခံခဲ့ကြဘူး။

လူထုထောက်ခံမှု မရတဲ့ ဘယ်အစိုးရမဆို လုပ်လေ့လုပ်ထ ရှိတာ အကြမ်းအားဖြင့် နှစ်မျိုး ရှိပါတယ်။ ပထမအမျိုးအစားကတော့ လူထုထောက်ခံမှု မရတဲ့အတွက် နိုင်ငံအုပ်ချုပ်ရေးတာဝန်ကနေ သိက္ခာရှိရှိ နှုတ်ထွက်ပေးပြီး တာဝန်ယူနိုင်စွမ်းရှိမယ့်သူတွေ လက်ကို တာဝန် လွှဲပြောင်းပေးလိုက်တာ ဖြစ်ပါတယ်။

ဒုတိယအမျိုးအစားကတော့ လူထုထောက်ခံမှု မရလည်း ဂရုမစိုက်ပဲ သိက္ခာ အကျခံပြီး အာဏာကို ဆက်လက်ချုပ်ကိုင်နိုင်ဖို့ မသမာတဲ့နည်းလမ်းတွေကို အသုံးချတတ်ကြပါတယ်။ ဒီအခါမှာ တရားဥပဒေကို ဖောက်ဖျက်ရတော့တာဖြစ်လို့ များသောအားဖြင့် အရင်တုန်းက လူအများ ထောက်ခံအတည်ပြုထားတဲ့ အခြေခံဥပဒေကို ဖျက်သိမ်းပြီး သူတို့အလိုကျ အခြေခံဥပဒေကို အဓမ္မ အတည်ပြုဖို့ ကောက်ကျစ်စဉ်းလဲစွာ ကြံစည်ကြိုးပမ်းတတ်ကြပါတယ်။ ဒ့ါအပြင် နိုင်ငံတကာ စည်းမျဉ်းဥပဒေတွေ၊ စံထားရတဲ့ သတ်မှတ်ချက်တွေကိုလည်း မလိုက်နာတတ်ကြပါဘူး။

လက်ရှိမြန်မာနိုင်ငံမှာ အုပ်ချုပ်နေတဲ့ အစိုးရကတော့ ဒုတိယ အမျိုးအစားထဲကပါပဲ။

အမှန်ဆိုရင် ဂမ်ဘာရီဟာ ၂၀၀၇ခုနှစ် ဒီဇင်ဘာလထဲမှာ မြန်မာနိုင်ငံကို သွားရောက်ဖို့ အစီအစဉ် ရှိထားခဲ့ပါတယ်။ ဒီဇင်ဘာမှာ မဖြစ်တော့ ဇန်နဝါရီလထဲမှာ လာဖို့ စီစဉ်ပြန်ပါတယ်။ ဒါလည်း ရွှေ့ဆိုင်းပေးရမလို

ကြုံနေရပါပြီ။ အကြောင်းကတော့ လောလောဆယ်မှာ ဂမ်ဘားရီရဲ့ မြန်မာနိုင်ငံ ခရီးစဉ်ဟာ အဆင်မပြေသေးလို့ ဒီနှစ် ဧပြီလလောက်မှပဲ ဖြစ်နိုင်ဖွယ် ရှိလိမ့်မယ်လို့ နအဖဘက်က ပြောလာပြန်လို့ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတကာဖိအားတွေ တိုးပွားလာတာနဲ့အတူ လုံခြုံရေးကောင်စီက ကြေညာချက် ထုတ်ပြီး ဝေဖန်တဲ့အဆင့်ကို ရောက်လာရတာပါပဲ။

အခုတကြိမ် ဂမ်ဘားရီ ခရီးစဉ်ကို နောက်အကျဆုံး ဖြစ်အောင် ရွှေ့ဆိုင်းနိုင်ဖို့ နအဖ စစ်ဗိုလ်ချုပ်ကြီးတွေက လိမ်လည်လှည့်စားနေပြန်ပါတယ်။ နအဖဘက်က အခုအချိန်ထိ တရားဝင် ထုတ်ပြန်ထားတာ မရှိသေးပေမယ့် ဂမ်ဘားရီ လာနိုင်ဖို့ လုံခြုံရေးကောင်စီက ဖိအားပေးတာ များလာရင် အဆင်သင့် ပြင်ထားတဲ့ ဆင်ခြေဆင်လက်တခု ရှိနေပါတယ်။

အဲဒါကတော့ ကုလသမဂ္ဂ ကိုယ်စားလှယ် လာရောက်ညှိနှိုင်းဖို့ မဖြစ်နိုင်လောက်အောင် ပြည်တွင်းမှာ အကြမ်းဖက် ဗုံးပေါက်ကွဲမှုတွေ ရှိနေတယ်လို့ ဆင်ခြေဆင်လက် ပေးနိုင်ဖို့ ဖြစ်ပါတယ်။

ဒါကြောင့်လည်း မြန်မာနိုင်ငံမှာ ဗုံးခွဲတဲ့သတင်းတွေ၊ ဗုံးခွဲလို့ ပြည်သူတွေ သေဆုံး၊ ဒဏ်ရာရတဲ့ သတင်းတွေကို နအဖပိုင် သတင်းစာတွေက အတိအလင်း ထုတ်ဖော် အသိပေးလာပါတယ်။ ပြီးခဲ့တဲ့ အာဆီယံ ကာကွယ်ရေးဝန်ကြီးတွေရဲ့ အစည်းအဝေးနဲ့ အာဆီယံ ထိပ်သီးညီလာခံတို့မှာ မြန်မာဘက်က ပြောသွားတာတွေကို မှတ်မိနေကြဦးမှာပါ။ အဲဒီတုန်းက အစည်းအဝေး တက်လာတဲ့ မြန်မာနအဖ စစ်ခေါင်းဆောင်တွေက မြန်မာနိုင်ငံမှာ စက်တင်ဘာ ဆန္ဒပြပွဲတွေရဲ့နောက်ပိုင်း တိုင်းပြည် အခြေအနေကို ကောင်းကောင်း ထိန်းချုပ်ထားနိုင်ပြီး ပုံမှန် ပြန်ဖြစ်သွားပါပြီလို့ လူသိရှင်ကြား ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။

အဲဒီလိုသာ ဖြစ်နေရိုးမှန်ရင်၊ ဒါမှမဟုတ် အခြေအနေကို တကယ်တမ်း ထိန်းချုပ်လိုတဲ့ ဆန္ဒရှိရင် မြန်မာ သတင်းစာတွေကနေ ဗုံးပေါက်ကွဲတဲ့ သတင်းမျိုးကို ထုတ်ပြန်မှာ မဟုတ်ပါဘူး။ သူတို့ အမြဲလုပ်နေကျ အတိုင်း တတ်နိုင်သမျှ ဖုံးဖိပြီး သတင်း အမှောင်ချထားမှာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကမ္ဘာလှည့် ခရီးသည်လုပ်ငန်းနဲ့ နိုင်ငံခြားငွေမှာ ရင်းနှီးမြှုပ်နှံတဲ့ စီးပွားရေးတွေကို ထိခိုက်စေမှာ ဖြစ်လို့ပါပဲ။

ဒါပေမယ့် နိုင်ငံခြားနဲ့ပတ်သက်တဲ့ စီးပွားရေးလုပ်ငန်းတွေကို အထိခိုက်ခံပြီး နအဖအာဘော် သတင်းစာတွေကနေ မြန်မာနိုင်ငံမှာ ဗုံးပေါက်ကွဲတဲ့အကြောင်း အမှန်တကယ်ကိုပဲ လူသိရှင်ကြား ထုတ်ဖော်လာခဲ့ပါတယ်။

ဒီလိုမျိုး ရှေ့နောက်မညီတဲ့ အဖြစ်မျိုးကို နှစ်လ၊ သုံးလအတွင်းမှာ ဖြစ်အောင်လုပ်လာပြီဆိုရင် နအဖ စစ်ဗိုလ်ချုပ်တွေဟာ အကြံကုန် ဂဠုန် ဆားချက်နေရပြီ ဆိုတာ သိသာထင်ရှားပါတယ်။

မြန်မာနိုင်ငံကို ဂမ်ဘားရီ နောက်တကြိမ် ရောက်လာမယ်ဆိုရင် စစ်အစိုးရ နံပါတ်တစ် ပုဂ္ဂိုလ်ဖြစ်တဲ့ ဗိုလ်ချုပ်သန်းရွှေနဲ့ တွေ့ကိုတွေ့မှ ဖြစ်မယ့်ကိစ္စပါ။ ဂမ်ဘားရီဟာ သာမန်ပုဂ္ဂိုလ် တဦးတယောက် မဟုတ်ပါဘူး။ မြန်မာနိုင်ငံ ခရီးစဉ်အကြောင်း လုံခြုံရေးကောင်စီကို သတင်းပြန်ပို့ဖို့ အထူးတာဝန်ရှိနေသူ ဖြစ်ပါတယ်။ ဂမ်ဘားရီဟာ အရင်တခေါက်မှာ ဗိုလ်ချုပ်သန်းရွှေနဲ့ တွေ့ခွင့်မရလို့ ဒီတခေါက် မဖြစ်ဖြစ်အောင် တွေ့ရပါတော့မယ်။ ဗိုလ်ချုပ်မောင်အေးနဲ့ ဂမ်ဘားရီတို့ သီးသန့်တွေ့ဆုံဖို့ကိုလည်း ဗိုလ်ချုပ်သန်းရွှေက လိုလားပုံ မရပါဘူး။

ဒီ့အပြင် ဂမ်ဘားရီ ရောက်လာတဲ့အခါ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ပေးဖို့ကလည်း မဖြစ်ဖြစ်အောင် လုပ်ပေးရမယ့် ကိစ္စဖြစ်နေတော့ ဗိုလ်ချုပ်သန်းရွှေအနေနဲ့ အတော်လေး အကြပ်ရိုက်ရတဲ့ အနေအထားမှာ ရှိပါတယ်။ ဂမ်ဘားရီနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံဆွေးနွေးလို့ ဖြစ်ပေါ်လာတဲ့ နောက်ဆက်တွဲ အကျိုးသက်ရောက်မှုတွေကို နအဖအနေနဲ့ ဉာဏ်မမီနိုင်အောင် ဖြစ်နေရတာကလည်း မြန်မာ စစ်ဗိုလ်ချုပ်ကြီးတွေအတွက် ပြဿနာကြီးတခုပါ။

ဒါတွေတင် မကသေးပါဘူး။ ဂမ်ဘားရီ မြန်မာနိုင်ငံကို ရောက်နေတဲ့သတင်း၊ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့တယ်ဆိုတဲ့ သတင်းတွေက ကမ္ဘာ့စာမျက်နှာမှာ ထိပ်ဆုံးက ပါလာနေဦးမှာ ဖြစ်ပါတယ်။ ပြီးတော့လည်း ဒေါ်အောင်ဆန်းစုကြည်နဲ့ အခြားနိုင်ငံရေး အကျဉ်းသမားတွေကို ပြန်လွှတ်ပေးဖို့ ဂမ်ဘားရီနဲ့တကွ နိုင်ငံတကာက တောင်းဆိုသံတွေ ထပ်မံ ကျယ်လောင်လာဦးမှာ ဖြစ်ပါတယ်။ တဆက်တည်းမှာပဲ မြန်မာ

နိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ အထူးသံတမန် ပီညဲရိုးက နောက်ထပ် စုံစမ်းအတည်ပြုမယ့် ခရီးစဉ်ကို နအဖက ခွင့်ပြုဖို့ တောင်းဆိုတဲ့ကိစ္စကလည်း ရှိနေပါသေးတယ်။

ဒီထက်ပိုပြီး မျက်ခုံးလှုပ်ရတာကတော့ ကုလသမဂ္ဂ လုံခြုံရေးကောင်စီရဲ့ ကြားဝင်ဆောင်ရွက်မှုအရ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်ရဲ့ အထူးကိုယ်စားလှယ် ဂမ်ဘားရီ မြန်မာနိုင်ငံကို ရောက်လာရင် မြန်မာ့နိုင်ငံရေး လှုပ်ရှားမှုက ပြည်တွင်းပြည်ပမှာ အထူးကို အရှိန်တက်သွားတတ်လို့ ဖြစ်ပါတယ်။ ရွှေဝါရောင် တော်လှန်ရေးက ပြီးဆုံးသေးတာ မဟုတ်လို့ နောက်တပွဲ နွှဲဖို့ တာစူနေကြတာ အားလုံးအသိပါ။

အခုရက်ပိုင်း အတွင်းမှာကိုပဲ တောင်ကုပ်မှာ အင်အားနဲ့ လူထုဆန္ဒပြဖို့ လုပ်နေတာကို နအဖ အာဏာပိုင်တွေက အဓိကရုဏ်းပုံစံ နှိမ်နင်းဖို့ အင်အား အလွန်အကျွံ သုံးနေတယ်ဆိုတာ ကြားသိနေရပါတယ်။ အမှန်ဆိုရင် အစိုးရတရပ်အနေနဲ့ အရေးပေါ် အခြေအနေ ကြေညာချက် ထုတ်ပြန်ပြီးမှ အဓိကရုဏ်းပုံစံ နှိမ်နင်းဖို့ လုပ်ရပါတယ်။

ကမ္ဘာက အာရုံစိုက်ခံနေရတဲ့ နိုင်ငံတခုဟာ မဟုတ်တာတွေကို လုပ်လို့မရပဲ ဖြစ်နေတတ်တာကြောင့် ဖြစ်နိုင်ရင် ဂမ်ဘားရီ၊ ပီညဲရိုးတို့လို ကုလသမဂ္ဂ အထူးကိုယ်စားလှယ်တွေ၊ မကြာခင် ရောက်လာဖို့ စိုင်းပြင်းနေတဲ့ ဥရောပသမဂ္ဂ အထူးကိုယ်စားလှယ် ဖာစီနီတို့ကို မြန်မာနိုင်ငံထဲမှာ ရှိမနေစေချင်တာကတော့ ဗိုလ်ချုပ်သန်းရွှေ ဦးဆောင်တဲ့ နအဖရဲ့ ဆန္ဒဆိုရင် မှားမယ် မထင်ပါဘူး။

မြန်မာနိုင်ငံကို ဂမ်ဘားရီ မလာရောက်နိုင်အောင် လုံခြုံရေး အကြောင်းပြနိုင်ဖို့ ဗိုလ်ချုပ်သန်းရွှေဟာ အမျိုးမျိုး ကြံဖန်လှည့်စားနေဦးမှာ ဖြစ်ပါတယ်။ နအဖ ရုံးစိုက်ရာ ကြပ်ပြေးမှာတောင် ဗုံးဖေါက်ခွဲတာတွေ ရှိနေရုံမက ရန်ကုန်နဲ့ အခြားမြို့တွေမှာလည်း ဗုံးခွဲတာတွေ ရှိနေတယ်၊ ဗုံးတွေက နေ့စဉ်ရက်ဆက် ဆိုသလို ပေါက်ကွဲနေတယ် စတဲ့ ပြည်တွင်း မငြိမ်မသက် အနေအထားကို နအဖက တမင်တကာ ဖန်တီးနေတယ်လို့ သုံးသပ်ရပါတယ်။

နောက်ထပ်ပြောနိုင်တာကတော့ မြန်မာနိုင်ငံ ပြည်တွင်းမှာ ဗုံးခွဲ အကြမ်းဖက်မှုတွေ ရှိနေတာကို တရုတ်က မလိုလားတဲ့ ကိစ္စပါ။ ဒေသတွင်း တည်ငြိမ်မှုရှိပြီး ပတ်ဝန်းကျင် အိမ်နီးချင်း နိုင်ငံတွေကို ခြိမ်းခြောက်တဲ့ အနေအထား မရှိပါဘူးလို့ အာဆီယံနဲ့ အိန္ဒိယအပြင် တရုတ်နိုင်ငံက တွင်တွင်ကြီး ပြောနေခဲ့ဖူးပါတယ်။ အကြမ်းဖက်တဲ့ ရည်ရွယ်ချက်နဲ့ ဗုံးတွေ ဖေါက်ခွဲနေတဲ့ နိုင်ငံတခုရဲ့ပြည်တွင်းရေးဟာ တည်ငြိမ်မှု ရှိတယ်လို့ ဘယ်တုန်းကမှ သတ်မှတ်မခံရပါဘူး။ ပြီးတော့ အဲဒီနိုင်ငံ ပါဝင်နေတဲ့ ဒေသတွင်း တည်ငြိမ်ရေးကိုလည်း အနည်းနဲ့အများ ခြိမ်းခြောက်နေတယ် ဆိုတာ အားလုံးက လက်ခံတတ်ကြပါတယ်။

မြန်မာနိုင်ငံရဲ့ ပြည်တွင်းအနေအထားဟာ ဒေသတွင်း တည်ငြိမ်ရေးကို ထိခိုက်ဖို့ တလှမ်းချင်း ရှေ့ကို တိုးလာနေပါတယ်။ ဒေသတွင်း တည်ငြိမ်မှု မရှိရင် တရုတ်က အကြီးအကျယ် မျှော်မှန်းထားတဲ့ ၂၀၀၈ ဘေဂျင်း အိုလံပစ်ကိုလည်း အလိုလို ထိခိုက်လာနိုင်ပါတယ်။ အိုလံပစ် သပိတ်မှောက်ရေး လှုပ်ရှားသူတွေက ဒေသတွင်း တည်ငြိမ်ရေးကို အဓိက ပစ်မှတ်ထဲက တခုအဖြစ် သတ်မှတ်ပြီး ကမ္ဘာနဲ့အဝှမ်း လှုပ်ရှားမှု ကျယ်ပြန့်လာနေတာကို တရုတ်နိုင်ငံက အထူး ဂရုစိုက်နေရပါတယ်။

တရုတ်ဟာ မျှော်လင့်ချက် အနည်းငယ်အတွက် နအဖဘက်ကိုလိုက်ပြီး လုံခြုံရေးကောင်စီမှာ သူ့ကိုယ်ပိုင် ဗီတိုအာဏာကို သိက္ခာမဲ့စွာ သုံးပေးနေရပါတယ်။ ဒါကြောင့် တရုတ်က လက်နဲ့ရေးသမျှ နအဖ စစ်ဗိုလ်ချုပ်တွေက ခြေနဲ့ လိုက်ဖျက်နေတာမျိုးကို တရုတ်က ဘဝင်ကျမှာ မဟုတ်ပါဘူး။ ရှေ့နောက်မညီ၊ စကားမတည်တဲ့ နအဖရဲ့ လုပ်ရပ်တွေကြောင့် တရုတ်အနေနဲ့ ကမ္ဘာကို မျက်နှာ အပျက်ခံချင်မှာ မဟုတ်ပါဘူး။ မြန်မာစစ်ဗိုလ်ချုပ်တွေ ဆိုးသွမ်း ပေါ့ရမ်းနေသမျှ လိုက်လံ ကာကွယ် ဖာထေးပေးနေရတဲ့ ကမ္ဘာ့ နိုင်ငံကြီး တနိုင်ငံအဖြစ် တရုတ်က ရေရှည်ရပ်တည်ဖို့ ဖြစ်နိုင်မှာလည်း မဟုတ်တော့ပါဘူး။

တရုတ်ဘက်ကသာ လမ်းကြောင်းတခုခုကို သိသိသာသာ ပြောင်းလဲ ဖန်တီးလိုက်မယ်ဆိုရင် အိန္ဒိယ၊ ဂျပန်နဲ့ အာဆီယံနိုင်ငံတွေကလည်း တရုတ်နောက်ကို လိုက်ပြီး ရပ်တည်ပေးကြဖို့ အသင့်ဖြစ်နေတဲ့ နိုင်ငံရေး အရိပ်လက္ခဏာတွေကို သိသိသာသာ မြင်နေရပါတယ်။

ဒါကြောင့် တရုတ် အစိုးရအနေနဲ့ သဘောမကျနိုင်တဲ့ လုပ်ရပ်မျိုးကို မြန်မာစစ်ဗိုလ်ချုပ်ကြီးတွေက လုပ်ဖို့ဆိုတာ အင်မတန် စွန့်စားရတဲ့ နိုင်ငံရေးကိစ္စ ဖြစ်ပါတယ်။ တရုတ် မကြိုက်တဲ့ အလုပ်မျိုး ဖြစ်နေသည့်တိုင်အောင် နအဖက နောက်ဆုံး မတတ်သာပဲ လုပ်လာပြီဆိုရင် ဗိုလ်ချုပ်သန်းရွှေတို့မှာ အကြံကုန်နေပြီလို့သာ ကောက်ချက်ချရမှာ ဖြစ်ပါတယ်။

ဒီကြားထဲမှာ မြန်မာပြည်သူတွေအနေနဲ့ အထူး ဂရုစိုက်ရမှာကတော့ မိမိတို့ရဲ့ အသက်အန္တရာယ် လုံခြုံရေးဖြစ်ပါတယ်။ နအဖက နိုင်ငံရေး လှည့်ကွက်လုပ်ဖို့ ကြံစည်အားထုတ်နေချိန် ဖြစ်တယ်ဆိုတာလည်း သတိရှိနေကြရပါလိမ့်မယ်။

လွင်အောင်စိုး
၂၀၀၈ ဇန်နဝါရီ (၁၉)ရက်